## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၂၈ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၂၄ ခုနှစ်၊ မတ်လ ၃၀ ရက် )

### အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiate Committee) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ က ချမှတ်ပေးသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် “ **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiate Committee)**” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်ရီ<br>ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်ကြိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း (ငြိမ်း)<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် | အဖွဲ့ဝင် |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် | အဖွဲ့ဝင် |

(ဆ) ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီးနှင့်ရဲချုပ်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဗိုလ်ချုပ် တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဗိုလ်မှူးကြီး (၁) ဦး — အဖွဲ့ဝင်
စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ည) ဗိုလ်မှူးကြီး ဝဏ္ဏအောင် — အဖွဲ့ဝင်
အတွင်းရေးမှူး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး
ကော်မတီ

(ဋ) ဦးလှမောင်ရွှေ — အဖွဲ့ဝင်

(ဌ) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် — အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiate Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ က ချမှတ်ပေးသည့်မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ပေးထားသော မဟာဗျူဟာများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အသိုက်အဝန်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော ချမှတ်ပေးထားသည့် မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ကောင်းမွန်သော အကြံပြုချက်များ ရှာဖွေ ဖော်ထုတ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ဆ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးနှင့်တစ်ဆက်တည်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက် ရာတွင် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဇ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ၏ ဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီသို့ အစီရင်ခံ တင်ပြခြင်း၊

(ဈ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ည) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငွေကြေးသုံးစွဲခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၉ - ၉ - ၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် ၉၆ / ၂၀၂၃၊ ၈ - ၁ - ၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၅ / ၂၀၂၄ နှင့် ၂၅ - ၃ - ၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၂၇ / ၂၀၂၄ တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ